# ကျွန်းစဉ်မြေ စောခက်

# ပြေးလမ်း



## စာရေးသူ၏ ရင်တွင်းစကား

ကျွန်တော်၏ လူငယ်ဘဝ ပြေးလမ်းတစ်လျှောက်သည် ခက်ခဲကြမ်းတမ်းလှပါသည် ။ အထက်တန်းကျောင်းသားဘဝအရောက်တွင် ကျောင်းသားကောင်းတစ်ဦးအဖြစ် အောင်လံမထူနိုင်ဘဲ ကျောင်းတော်မြေမှ ခေါင်းငိုက်စိုက်နဲ့ ထွက်ခွာခဲ့ရသည် ။ အဖေ၏ အိမ်ထောင်ရေးဘဝ မျက်နှာစာတွင် လည်း လှေပြေးတုန်းတက်ကျိုးအဖြစ်မျိုးမို့ ရပ်နဲ့ ကွာ ရွာနဲ့ ဝေးခဲ့ရသည် ။ ဘင်္ဂလားပင်လယ် ရေပြင်ထဲရှိ ငပလီသုန်မည်သော ကျွန်း၏ တောထဲတစ်နေရာတွင် အခြေချပြီး မိသားစုဘဝ ထမင်းတစ်လုတ်အတွက် ကျားကုတ်ကျားခဲ ရုန်းကန်ခဲ့ရသည် ။ ဤအချိန်မျိုးမှာ ပဲ အဖေ့အတွက်တော့ ကံဆိုးမသွားရာ မိုးလိုက်လို့ ရွာခဲ့ပေပြီ။ အကြောင်းသော်ကား အိမ်ထောင်ရေးဘဝတစ်လျှောက် မောင်တစ်ထမ်းမယ်တစ်ရွက် လက်တွဲပါဝင်ခဲ့သော အဖေ၏ ဘဝခရီးဖော် ကျွန်တော့်မွေးမေမေ တိမ်းပါးသွားခြင်းပင် ။ သားသမီး တစ်တွေး တစ်ပြုံနဲ့ အဖေ၏ တစ်ခြမ်းပဲ့အိမ်ထောင်ရေးဘဝကို သားကြီး ကျွန်တော်က အဖေ့အတွက် ပခုံးတစ်ဖက် ဖြည့်စွက်ပြီး လောကဓံနဲ့ စီးချင်းထိုးခဲ့ရပေသည် ။

ကျွန်တော်၏ လူငယ်ဘဝ ကောက်ကြောင်းများမှာ ခုခေတ်အမြင်အတွေးနဲ့ စဉ်းစားကြည့်လျှင် ခေတ်နောက်ကျနေမည်မှာ သေချာပါသည် ။ လူငယ်ဘဝ အဖြစ်အပျက် အားလုံးတို့ ၏ ဇာတ်ဝင်ခန်းများမှာ ၁၉၈၀

ပြည့်နှစ် ကာလ အပိုင်းအခြားကို ထုဆစ်ပုံဖော် ညွှန်းဆိုထားပေသည် ။ သို့ဖြစ်၍ ဒေသပတ်ဝန်းကျင်၏ သဘာဝ၊ ငွေကြေးသုံးစွဲမှုတန်ဖိုး လူမှုဘဝအခြေအနေတို့ မှာ ယခုခေတ်အမြင် ခေတ်အသိနဲ့ ယှဉ်ကြည့်လိုက်လျှင် ဖြစ်နိုင်ခြေမရှိဟု ထင်မှတ်မှားစရာ ဖြစ်နိုင်ပါသည် ။ သို့သော် တကယ့်အဖြစ်အပျက် အမှန်အကန်တွေမို့ ချန်လှပ်ခဲ့လျှင် ကျောရိုးပျောက်ပြီး လိုရာမရောက်ဖြစ်မှာ စိုး၍ စိန်ခေါ်မှု မှတ်တမ်းများအဖြစ် ဘဝစာမျက်နှာများ တွင် တင်ပြလိုက်ရခြင်း ဖြစ်ပေသည် ။

ကျွန်တော်၏ ပထမအရွယ် လူငယ်ဘဝ လှုပ်ရှားရုန်းကန်ရမှု အခြေအနေများမှာ ရေစီးပြင်းထန်လွန်းသော ချောင်းထဲတွင် ပေါက်ရောက်ရှင်သန်နေသော ပိန်သေးသေး ကျူပင်ရိုးလေးလို ကျွတ်ထွက်လွင့်စဉ်မသွားရေးအတွက် ဖွဲ့ထုတ်ပြီးအံကြိတ်ခံခဲ့ရသော ဘဝမျိုးပင်ဖြစ်သည် ။ သို့သော် လှောင်ပိတ်ခံနေရသော ဘဝအခြေအနေမှ စိတ်နှင့် ကိုယ်ကို အားမာန်သွင်းပြီး ရုန်းကန်ကျော်လွှားခဲ့သော လူငယ်တစ်ယောက်၏ ကြိုးစားမှုအတွက် ဖွဲနှင့် သတ္တိကို ဖော်ညွှန်းပြသည် ။ ယုံကြည်ချက်ဖြင့် ရည်မှန်းချက်ခရီးသို့ ရောက်အောင် ချီတက်သည် ။

ပညာရေး ဥယျာဉ်ကြီးထဲတွင် ပန်းများကို ပျိုးပြီး သန်စေ လန်းစေ ဖူးစေ ပွင့်စေခဲ့သော "ပန်းပျိုးလက် မြတ်ဆရာ" ဟု စာတန်းကလေးတစ်ခု ချိတ်ဆွဲနိုင်ရေးအတွက် ပေးဆပ်မှုပေါင်းများ စွာဖြင့် ခက်ခဲပင်ပန်းခြင်းကြီးစွာ ကြိုးစားခဲ့ရပါသည် ။ အတိတ်ကို မြေလှန်ပြီး ရေးသားတင်ပြထားသဖြင့် ခေတ်သမိုင်း၏ စာမျက်နှာအချို့ဟု ဆိုက မှားအံ့မထင်မိပေ။

ကျွန်တော်၏ လူငယ်ဘဝ ဇာတ်ဝင်ခန်းများကို စာတစ်စောင်ပေတစ်ဖွဲ့ အနေဖြင့် ဖော်ကျူးတင်ပြလိုက်နိုင်သဖြင့် ကျေနပ်မိပါသည် ။ အ

ဆောက်အဦ တစ်ခုကို တည်ဆောက်ပြီးချိန်တွင် စိတ်ကြိုက်တွေ့သွားသော ဗိသုကာ တစ်ဦး၏ ပီတိမျိုးသည် ကျွန်တော့်ရင်၌ ပြည့်လျှမ်းလျက်ရှိနေပါ၏။

**လူလူချင်း မေတ္တာစိတ် ထားနိုင်ကြပါစေ။**

**ကျွန်းစဉ်မြေစောခက်**

**၁၈-၁၂-၂၀၁၆**

# စစ်အတွင်းက မြေစာပင်ကလေး

ရမ်းဗြဲလှေကြီးသည် ကြက်တောပြင် ရေလက်ကြားကို လွန်လာခဲ့လေပြီ။ ဤရေလက်ကြားမှာ နောင်တော်ကြီး ပင်လယ်နှင့် ကျောက်ဖြူမြို့အနီးရှိ သံစစ်မြစ်ပြင်ကျယ်ကို ဆက်သွယ်ထားသော မြစ်ကျဉ်းကလေး ဖြစ်သည် ။

"သား ဟိုမှာ ရှေ့ကလှမ်းမြင်နေရတဲ့ အဆောက်အဦတွေ၊ တိုက်တွေ ၊ အိမ်တွေက ကျောက်ဖြူမြို့လေ"

"ဟာ အဖေကြီး အရမ်းကြည့်ကောင်းတာပဲနော်"

"ဟုတ်တယ်သားရဲ့ သား ၄ တန်းအောင်လို့ ရှိရင် အဲဒီကျောက်ဖြူမြို့မှာ ကျောင်းထားပေးမှာ လေ သား စာကြိုးစားရမှာ နော်"

"ဟုတ်ကဲ့"

သား လှမိုးလေးမှာ အဖေကြီး ကိုထွန်းစိန် ပြောစကားကို နားထောင်ပြီး ကျောက်ဖြူမြို့ကို တအံ့တဩ လှမ်းကြည့်၏။

"မြောက်လေစ လာတယ်ဟေ့ ရွက်ဖွင့်မယ်"

ကိုထွန်းစိန်၏ စကားအဆုံးတွင် လှေသားများမှာ ကိုယ့်နေရာနဲ့ ကိုယ် စနစ်တကျ ဆောင်ရွက်လိုက်ကြရာ ရမ်းဗြဲလှေကြီးမှာ ရွက်ကုန်ဖွင့်ပြီး သံစစ်မြစ်ရေပြင်ပေါ်တွင် ခပ်သွက်သွက်ပြေးနေပေပြီ။

ကိုထွန်းစိန်မှာ အခြားရွာသားတွေကို လယ်ယာမလုပ် ထင်းမခုတ်၊ ငါးမရှာ။ အိမ်ဆိုင်ကလေးဖွင့်ပြီး စျေးရောင်း၏။ ရာသီအလိုက် ဒေသထွက်ကုန်လေးများကို ကောက်ဝယ်ပြီး ကုန်ရောင်း ကုန်ဝယ်ပြု၏။ ယခုလည်း မြေပုံမြို့နယ် သရက်တောင်ရွာ ပတ်ဝန်းကျင် လယ်သမားတွေဆီက စပါးတွေကောက်ဝယ်ပြီး ကျောက်ဖြူမြို့သို့ ကုန်သွယ်ခရီးနှင်လေပြီ ။

သားဦးလေး လှမိုးကို အဖေကြီး ကိုထွန်းစိန်မှာ မိဘမေတ္တာဖြင့် အချစ်ကြီးချစ်ခဲ့သည် ။ မြို့က ကလေးတွေလို စာပေသင်ကြားခြင်းဖြင့် ပညာတတ်ကြီး ဖြစ်စေချင်သည် ။ မြို့ပြ အခြေအနေကို သိစေချင်၍ ရွာသားလေးကို မြို့သို့ ခေါ်လာခဲ့ခြင်း ဖြစ်သည် ။

***

"သားလေး ဝတ်ထားတဲ့ အင်္ကျီကိုချွတ် ပုဆိုးကိုချွတ်"

အဖေကြီး ကိုထွန်းစိန် စကားကြောင့် သား လှမိုး အဖေ့မျက်နှာကို တစ်ချက်တွေကြည့်လိုက်သည် ။

"ဟုတ်တယ်သားရဲ့ သားမှာ ဝတ်လာတာကြီးက တောမှာ ဝတ်တာ၊ ခုဒီမှာ အဖေကြီးဝယ်လာတာက မြို့သားလေးတွေဝတ်တဲ့ အင်္ကျီ ဘောင်းဘီတွေလေ"

"ဟာ အဖေကြီးကလဲ ရှက်စရာကြီး"

"အို သားကလည်း ဘောင်းဘီဝတ်တာ ရှက်စရာမှ မဟုတ်တာ ဒါ ခေတ်မီတာလေ"

"ကိုယ့်ရွာမှာ ဘယ်သူမှ မဝတ်ဘဲနဲ့ "

"ဝတ်စမ်းပါ သားရာ သားနဲ့ ဆို လှမှာ သားမြို့ထဲရောက်ရင် ဒီလို ဘောင်းဘီတိုလေးတွေနဲ့ သားတို့လို ကလေးတွေ အများကြီးတွေ့မှာ ပဲ"

သည် တစ်ခါတော့ လှမိုး မငြင်းတော့ပေ။ အင်္ကျီကော ပုဆိုးကော ချွ တ်ချလိုက်တော့သည် ။ အဖေကြီး စွပ်ပေးသည့် အတိုင်း ဘောင်းဘီအင်္ကျီတွေကို ဝတ်လိုက်၏။ လှမိုးမှာ အဝတ်သစ်တွေနဲ့ ဖြစ်နေသော ကိုယ့်အဖြစ်ကို ရှက်သလိုလို ဖြစ်သွား၏။

"သားက ဘောင်းဘီလေးနဲ့ ဆို အရမ်းကြည့်ကောင်းသွားတာပဲ"

လှမိုး ရှက်ရှက်နဲ့ ရယ်ပြီး အဖေကြီးကို ကြည့်၏။ အဖေကြီးက ထိုး ထိုးထောင်ထောင် ဖြစ်နေသော သားဆံပင်ကို ခေါင်းဖီးနဲ့ ဖီးပေးလိုက် သည် ။

"လာ အဖေကြီးနဲ့ မြို့ပေါ်တက်မယ်၊ ဈေးဝယ်သွားကြမယ်နော်"

လှမိုး ခေါင်းညိတ်ပြလိုက်၏။

ကိုထွန်းစိန် သားလေးကို လက်ဆွဲပြီး သားဖ နှစ်ယောက် မြို့ပေါ်သို့ တက်လှမ်းလာခဲ့ကြ၏။ ကိုထွန်းစိန်တို့ မှာ စပါးလာရောင်းခြင်းမို့ စပါး အဝယ်ဒိုင်ရှိရာ ကျောက်ဖြူမြို့ ငလပွေ့ချောင်းတွင် လှေကို ဆိုက်ကပ် ထားရသည် ။ ငလပွေ့ဆိပ်မှ တစ်ဆင့်သာ မြို့ပေါ်သို့ တက်ကြရသည် ။ ကျောက်ဖြူမြို့နဲ့ တော့ တစ်မိုင်သာသာခန့်ဝေးသည် ။

"အဖေကြီး ဒီအဆောက်အဦကြီးတွေက ဘာတွေလဲ အဲဒီထဲမှာ ဘ ယ်သူတွေ နေကြတာလဲဟင်"

လမ်း တစ်ဝက်အရောက်တွင် ထိုးထိုးထောင်ထောင် ဖြစ်နေကြ သော အဆောက်အဦးတွေကို ကြည့်ပြီး လှမိုး မေးလိုက်ခြင်း ဖြစ်သည် ။

"ဩော် သားကလည်း အဲဒါ လူနေတာ မဟုတ်ဘူး ကွဲ့ အစိုးရမှာ စပါးတွေ သိုလှောင်ထားတဲ့ စပါးသိုလှောင်ရုံကြီးတွေလေ"

လှမိုးမှာ မတ်တပ်ရပ်ပြီး စိုက်ကြည့်လိုက်၏။

"ရွာရောက်ရင် သား သူငယ်ချင်းတွေ ပြောပြမယ်"

အဖေကြီးမှာ သားစကားကို သဘောကျပြီး ရယ်နေ၏။ လှမိုးတို့ သားအဖနှစ်ယောက် ဆက်လျှောက်လာကြသည် ။ ငလပွဲလမ်းမှာ တောလမ်းကလေးမို့ ဖုန်နဲ့ သောသော ဖြစ်နေ၏။ တစ်နာရီနီးနီး အကြာတွင် မြို့အဝင်ဝသို့ ရောက်လာကြသည် ။

"ကလင် - ကလင် - ကလင်"

သားအဖနှစ်ယောက် ကတ္တရာလမ်းမပေါ် လှမ်းအတက်မှာ ဆိုက်ကားတစ်စီး သတိပေးခေါင်းလေးတီးရင်း ရှေ့နားသို့ ရောက်လာ၏။ ကိုထွန်းစိန် အလိုက်သင့် လှမ်းတားလိုက်သည် ။

"အဲဒါ ဘာကြီးလဲ အဖေ"

"ဒါကို ဆိုက်ကား ခေါ်တယ် သားရဲ့ ခု သားနဲ့ အဖေ ဒီဆိုက်ကားနဲ့ ပဲ ဈေးထဲသွားကြမှာ လေ"

ကိုထွန်းစိန် ဆိုက်ကားရှေ့က တက်ထိုင်ပြီး သားတော်မောင်ကို နောက်ကနေ ထိုင်ခိုင်းလိုက်၏။ ဆိုက်ကားဆရာက ခြေနင်းခုံကို ဖိနင်းပေးလိုက်ရာ ဆိုက်ကားမှာ ခပ်သွက်သွက် ပြေးနေပေတော့သည် ။ လှမိုးမှာ အရမ်းအံ့ဩသွားပြီး ပျော်သလိုလိုကြီး ဖြစ်သွား၏။

"အဖေ ရှေ့ကသွားနေတဲ့ ဆိုက်ကားမှာ ထိုင်စရာလည်း မပါဘူးနော်"

အနီးက ဖြတ်နင်းသွားသော စက်ဘီးကို လက်ညှိုးထိုးပြပြီး လှမိုး

မေးလိုက်၏။

"အဲဒါ ဆိုက္ကား မဟုတ်ဘူး သား၊ စက်ဘီးခေါ်တယ်၊ ခု အဖေကြီးတို့ စီးနေတဲ့ ဆိုက္ကားဆိုတာ အဲဒီလို စက်ဘီးကိုပဲ ဘေးတွဲထိုင်ခုံတွေ တပ်ထားတာပေါ့ သားရယ်"

လှမိုးမှာ မြို့ဆိုတာကို ခုမှ ပထမအကြိမ် ရောက်ဖူးပေရာ ကြည့်လေရာရာ မြင်လေရာရာ အသစ်အဆန်းတွေချည်း ဖြစ်နေသည် ။ တိုက်အိမ်တွေကို ကြည့်ပြီး ကြည်နူးသလို ခံစားနေရ၏။

"အဖေ အဖေ ဟိုမှာ ဟိုမှာ အိမ်လေးတစ်ဆောင် ပြေးလာနေတယ်၊ အဲဒါ ဘာဖြစ်တာလဲဟင်"

"သြော် သားကလည်း အဲဒါ အိမ် မဟုတ်ဘူး ကွဲ့ မော်တော်ကား ခေါ်တာလေ"

"သား စာထဲမှာ ဖတ်နေတာ အဖေကြီး ကြားသားပဲ၊ တောင်ကြားလမ်းတွေအကြောင်းမှာ လေ ရခိုင်တိုင်း တောင်ကုတ်မြို့မှ ပဲခူးတိုင်း ပန်းတောင်းမြို့သို့ မော်တော်ကားဖြင့် သွားလာနိုင်သည် ဆိုတာလေ"

"ဟုတ်ပ့ါ အဲဒီ မော်တော်ကား ပြောတာပေ့ါနော်"

"ဟုတ်တယ်လေ သားရဲ့ "

ဆိုက္ကားဆရာက ဈေးအဝင် လမ်းဝတွင် ရပ်ပေးလိုက်ရာ ကိုထွန်းစိန် ဆိုက်ကားခ ရှင်းပေးလိုက်၏။

"ရော့သား ဒါ သား မုန့်စားဖို့ ပိုက်ဆံ ဈေးထဲမှာ မုန့်မျိုးစုံ ရှိတယ် သားကြိုက်တာ ဝယ်စားနော်"

လှမိုး အဖေ့ဆီက လှမ်းပေးသော ပိုက်ဆံတစ်ကျပ်ကို လှမ်းယူပြီး

ခေါင်းညိတ်ပြလိုက်၏။

လှမိုးတို့ သားအဖ ဈေးထဲသို့ ဝင်သွားကြ၏။ အဖေကြီးက ရှေ့ကသွားပြီ သား လှမိုးက နောက်က လိုက်သည် ။ အဖေကြီးက လှေသားတွေအတွက် ငါးဟင်းတွေ ဝယ်၏။ သိပ်မကြာ ဈေးထဲက ပြန်ထွက်လာကြသည် ။

"သားမှာ ဘာမုန့်တွေ ရခဲ့လဲ"

လှမိုးက သူ့အဖေကို ကြည့်ပြီး တစ်ချက် ပြုံးရယ်ပြလိုက်၏။ ဘောင်းဘီအိတ်ကလေးနှစ်ဘက်ကို လက်ဖြင့် ခပ်ကြွားကြွား ပုတ်ပြလိုက်၏။ အဖေကြီးလည်း သားလေးကို သဘောတွေ့သွားပြီး ပြန်လည်ပြုံးပြ၏။

"သား တယ်ဟုတ်ပါလား ဘာမုန့်တွေလဲ မှန်း "

ကိုထွန်းစိန် သားလေး၏ ဘောင်းဘီအိတ် နှစ်ဘက်ကို လက်နှိုက်ကြည့်လိုက်၏။ သားလေး ဘောင်းဘီအိတ်ထဲက အရာတွေကြောင့် ကိုထွန်းစိန် ရင်ထဲတွင် ဝေဒနာတစ်ခု ရုတ်ချည်း ဖြစ်ပေါ်သွားသည် ။

"ဩော် ငါ့သားလေး တောရွာမှာ လူဖြစ်ရတာ ဘာမှ လည်း ဗဟု သုတ မရှိပါလား ဒီလောက် မုန့်မျိုးစုံ တန်းစီပြီး ရောင်းနေကြတာ စားရကောင်းမှန်း မသိဘူး၊ ငါ့သား သိတာက ရွာပြင်မှာ အလေ့ကျ ပေါက်နေတဲ့ ဇီးပင်တွေက ဇီးသီးလောက်ကိုသာ စားရကောင်းမှန်း သိရှာတာကလား"

အဖေကြီး ကိုထွန်းစိန် သားအဖြစ်ကို တွေးပြီး ရင်ထဲမကောင်းဖြစ်သွားသည် ကတော့ အမှန်ပင်။

"အဖေကြီးတွေ့လား ဇီးသီးမှ ည့်တွေလေ"

"တွေ့တယ် သား ဝယ်တတ်လိုက်တာ ဇီးသီးတွေ အရမ်းချိုမှာ ပဲ"

ကိုထွန်းစိန်မှာ အော်လိုက်ပြန်ရင် သားလေး အားငယ်ပြီး မျက်နှာညှိုးကျသွားမှာ စိုးလို့ သားအလိုကျ အလိုက်သင့်ပဲ ပြောလိုက်သည် ။ ကိုထွန်းစိန် သားကိုကြည့်ပြီး ကြေကွဲသလို ခံစားသွားရသည် ။

လှမိုးမှာ ဇီးသီးတွေကို ဘောင်းဘီအိတ်မှာ ဖောင်းကားအောင်ထည့်ကာ အဖေ့နောက်က တောသားမြို့ရောက်ကလေး ခပ်ကြွားကြွား လိုက်ပါလာ၏။

***

ကျောက်ဖြူမြို့မှ ကျွန်းစဉ်ဘက်သို့ အပတ်စဉ် ရက်မှန်ထွက်သော ကူးတို့ စက်လှေဖြင့် လှမိုးတို့ သားအဖနှစ်ယောက် ရွာသို့ ပြန်ခဲ့ကြလေပြီ။

စက်လှေမှာ ကြက်တောပြင်၊ သေနှံ့သာ၊ သလူမော်၊ ပေါက်တူးတောင်၊ သရက်တောင်၊ ကမ်းထောင်းကြီးစသော ခရီးစဉ်အတိုင်း တစ်ရွာဝင် တစ်ရွာထွက် တစ်ညအိပ်ခရီးစဉ် ပြေးဆွဲနေခြင်း ဖြစ်သည် ။ ကိုထွန်းစိန်မှာ စပါးရောင်းရငွေဖြင့် ဆိုင်ဝန်ပစ္စည်းတွေဝယ်ပြီး ရွာပြန်လိုက်လာခြင်း ဖြစ်သည် ။ လှေသားတွေကိုတော့ နောက်တစ်နေ့မှ အေးအေးဆေးဆေး လှေထွက်လာခဲ့ကြရန် မှာ ထားခဲ့သည် ။

လှမိုးတို့ သားအဖ လိုက်ပါလာသော လိုင်းစက်လှေမှာ သေနှံ့သာကျွန်းသို့ ဆိုက်ကပ်ခဲ့လေပြီ။ သေနှံ့သာကျွန်းမှာ နောင်တော်ပင်လယ်ထဲတွ

င် သီးခြားတည်ရှိနေသော ကျွန်းဖြစ်သည် ။ သည် ကျွန်း၏ ထူးခြားချက်မှာ နတ်တော်၊ ပြာသို၊ တပို့တွဲ သုံးလသာ လူရှိသည် ။ တပို့တွဲ လကွယ်နေ့သည် သေန့်သာ ကျွန်းသားတို့ ၏ နောက်ဆုံးနေ့ရက်ပင် ဖြစ်သည် ။ သူတို့ တွင် တပေါင်းလဆို လအမြင်မခံဟု ခံယူထားကြသည် ။ ထို့ကြောင့် သေန့်သာကို သုံးလမြို့ဟု ခေါ်စမှတ်ပြုကြပါ၏။ တပေါင်းလထိ နေလျှင် ကျွန်းသူ၊ ကျွန်းသားတွေ အနာရောဂါကြောင့် သေကြကြသည် ဟု သူတို့ ခံယူထားကြ၏။

ဤသုံးလတည်းဟူသော ကာလအပိုင်းအခြားတွင် ကျောက်ဖြူမြို့နယ်သားများ လာရောက် ငါးဖမ်းကြခြင်း ဖြစ်သည် ။ ဒေသအခေါ် ပိုက်ကြီးခံသည် ဟု ခေါ်ကြ၏။ ကျွန်းတွင် ဈေးဆိုင်တွေဖွင့်ပြီး အရောင်းအဝယ်ပြုခြင်းဖြင့် စည်ကား၏။ ကျောက်ဖြူမြို့နယ်နှင့် မြေပုံမြို့နယ် အမ်းမြို့နယ် အစပ်ပိုင်း နောင်တော်ပင်လယ်ထဲတွင် တည်ရှိသည် ။ အဓိကအားဖြင့် ကျွန်းစဉ်နယ်သား ရွာပေါင်း ၅၀ လောက်က သေန့်သာကျွန်းကို မှီခိုပြီး ရောင်းကြဝယ်ကြနဲ့ အလွန်စည်ကားသော ကျွန်းမြို့ ကလေးဖြစ်သည် ။ စစ်တွေ၊ ကျောက်တော်၊ ပုဏ္ဏားကျွန်းနယ်ဘက်ကလည်း ဘင်္ဂလားပင်လယ်ကမ်းခြေကို ပတ်ပြီး လှေသမ္ဗာန်များဖြင့် အရောင်းအဝယ် လာလုပ်ကြသည် ။ ကျောက်ဖြူ ရမ်းဗြဲ၊ စနဲဘက်ကလည်း ကုန်ရောင်း ကုန်ဝယ် လာလုပ်ကြ၏။ ကျွန်းပေါ်နေ လူတိုင်း ရာသီချိန်တွင် လက်ဖျားငွေသီးကြသည် ။ သို့သော် အစိုးရက ဖွဲ့စည်း တည်ထောင်ထားသော နေရာ မဟုတ်သည့် အတွက် လုံခြုံရေးကမရှိ။

မြန်မာနိုင်ငံတွင် လွတ်လပ်ရပြီးစ,ကာလ တစ်တောတစ်ကြက်ဖတွန်ပြီး ရောင်စုံသူပုန်တွေ မှ ိုလိုပေါက်နေချိန်၊ တောမီးလောင်တောင်ကြောင် လက်ခမောင်းခတ် ဆိုသလို သူခိုးဓါးပြများကလည်း ဟိုနားတိုက်၊ သည် နားလုနဲ့

ဆူပူသောင်းကျန်းကြသည့် ကာလ။ သေနှ့်သာ ကျွန်းသားတို့ ကတော့ ကျွန်းနှင့် ပတ်ဝန်းကျင် လုံခြုံရေးအတွက် ကျောက်ဖြူမြို့နယ် ရဲတပ်ဖွဲ့မှ အကူအညီတောင်းပြီး ရဲသားသုံးဦးလောက်ဖြင့် လုံခြုံရေး ယူထားကြသည် ။

ကူးတို့ စက်လှေမှာ သေနှ့်သာကျွန်းတွင် ဆိုက်ကပ်ချိန်၌ အတက်အဆင်းခရီးသည် များ ၊ ပစ္စည်းတင်သူ ချသူများ ဖြင့် တော်တော် ရှုပ်ယှက်ခတ်သွားသည် ။ ခရီးသည် အတက်အဆင်း ပစ္စည်း အတင်အချပြီးလျှင် စက်လှေမှာ ရှေ့ခရီးအတွက် ဆက်ထွက်ရန် အချက်ပေးလိုက်သည် ။

"ကလင် ကလင် ကလင်"

"နေပါဦး နေပါဦး လိုက်မယ်ဗျို့ လိုက်မယ်"

ကူးတို့ စက်လှေမှာ ကမ်းခွာဖို့ ကြိုးဖြတ်နေတုန်းမှာ ပဲ လူတစ်ယောက် အူယားဖားယား ပြေး လာပြီး ကူးတို့ လှေပေါ်သို့ ချက်ချင်းလှမ်းတက်လိုက်၏။

"ခင်ဗျား ဘယ်ကိုသွားမှာ လဲ"

"သလူမော်ပဲ"

ခရီးသည် စကားကြောင့် စက်လှေပိုင်ရှင်မှာ တော်တော် စိတ်ပျက်သွားသည် ။ သလူမော်မှာ သေနှ့်သာနဲ့ အနီးဆုံးကျွန်း ဖြစ်၏။ အမ်းမြို့နယ်၏ ပင်လယ်ပြင်ထွက်ပေါက် အစွန်ဆုံးကျွန်းလည်း ဖြစ်သည် ။ သည်ကနေ့ ခရီးစဉ်တွင် သလူမော် ခရီးသည် မပါလို့ မကပ်တော့ဘူးဟု စက်လှေပိုင်ရှင်က ဆုံးဖြတ်ထားပြီး ဖြစ်သည် ။ ခု ဘယ်ချောင်က ထွက်လာမှန်းမသိ ခရီးသည် တစ်ယောက် ကြဲကြဲဖန်ဖန် ရောက်လာပေပြီ။ မတတ်နိုင်တော့ဘူးလေ။ လိုင်းပြေးသည့် စက်လှေမို့ ခရီးသည် ဆို လက်ခံရ

တော့မည်ပေ့ါ။

ကူးတို့ စက်လှေသည် လျှော်ကျွန်းကြီးလျှော်ကျွန်းငယ် တောင်တန်းများ ရေလက်ကြားက ထွက်ပြီး နောင်တော် မြစ်ပြင်ကျယ်ကို ဖြတ်ကူးလိုက်သည် ။ သလူမော်ကျွန်းကို ရေးရေးမြင်နေရပေပြီ။ သလူမော်ကျွန်းမှာ ပင်လယ်ပြင်ထဲသို့ ထိုးထွက်နေသော ကျွန်းဖြစ်ပေရာ ပန်းချီဆန်လှသည် ။ ကျွန်းဖျားတောင်ကုန်းလေးပေါ်တွင် ကညင်ပင်တန်းကို အဝေးက လှမ်းကြည့်လျှင် ပင်လယ်ရေပြင်ထဲတွင် အလှရှုခင်း ပန်းချီကား တစ်ချပ်လို မျက်စေ့ပသာဒ ရှိလှသည် ။

ဟော ကူးတို့ စက်လှေ သလူမော်ရွာသို့ ဆိုက်ကပ် လိုက်လေပြီ။ သို့သော် ကမ်းခြေတွင် တစ်စုံတစ်ယောက်သော သူကိုမျှ မတွေ့ရ။ သေန့်သာကျွန်းမှ လိုက်ပါလာသူ ခရီးသည် ကတော့ ကမ်းသို့ တက်သွားလေပြီ။ ထိုစဉ် ထူးခြားသည့် မြင်ကွင်းတစ်ခုကြောင့် လှမိုးတို့ လန့်ဖျတ်သွားကြ၏။ အကြောင်းသော်ကား သေနတ်ကိုယ်စီ လွယ်ထားသူများ သည် ကမ်းခြေတောစပ်မှ ဗြုန်းခနဲ ထွက်လာကြသည် ကို မြင်တွေ့လိုက်ရ၍ ဖြစ်သည် ။ လက်နက်ကိုင်တွေက သေန့်သာကျွန်းမှ လိုက်လာခဲ့သူ ခရီးသည် နဲ့ ပူးကပ်ပြီး စကားပြော ဖြစ်နေကြသည် ကိုလည်း တွေ့လိုက်ကြရသည် ။

"စက်လှေ ဆက်မထွက်နဲ့ ဟေ့"

"စက်လှေပိုင်ရှင်ကော ခရီးသည် တွေကော တက်ခဲ့ကြပါ"

သူတို့ ဆီက အမိန့်ပေးသံတွေ ဆက်တိုက်ထွက်ပေါ်လာသည် ။ စက်လှေပေါ်ရှိသူများ အကုန်လုံး ကမ်းသို့ တက်လိုက်ကြရ၏။ လက်နက်ကိုင်များ အနီးတွင် ခရီးသည် များ ကြောက်ရောက်ရွံ့ရွံ့ စုရပ်လိုက်ကြရသည် ။

"ဒို့က ဗမာပြည် ကွန်မြူနစ်ပါတီကပဲ ကျုပ်က တိုက်ခိုက်ရေး တပ်ရဲ့ တပ်မှူးဗိုလ်ရဲထွန်းပဲ"

လှမိုး သေနတ်သမားတွေကိုကြည့်ပြီး ကြောက်သွား၏။

"ခင်ဗျားတို့ ဒီရွာမှာ ပဲ ညအိပ်ကြပါ ပစ္စည်းတွေကိုတော့ ဒီအတိုင်း လှေပေါ်မှာ ထားခဲ့ကြ ဘာမှ မဖြစ်စေရဘူး"

ခရီးသည် များ အရမ်းစိတ်ပျက်သွားကြသည် ။ လှမိုးလေးမှာ အဖေကြီးမျက်နှာကို မော့ကြည့်လိုက်၏။

"ဒီည ဒို့ ဒီစက်လှေနဲ့ ခရီးထွက်စရာ ရှိတယ် ခင်ဗျားတို့ မနက်ဖြန်မှ ကိုယ့်ခရီးဆက်ထွက်ကြပါ"

ဗိုလ်ရဲထွန်းဆိုသူက စကားကို ခပ်ပြတ်ပြတ်ပြောပြီး သူ့တပ်သား တွေနဲ့ ရွာဘက်သို့ ပြန်လှည့်သွား၏။ ခရီးသည် တွေကလည်း စိတ်မချမ်းမြေ့ခြင်း ကြီးစွာဖြင့် သူတို့ နောက်သို့ လိုက်သွားကြသည် ။ ခရီးသည် များကို ရွှယ်လယ်ဘုံဇရပ်ကြီးမှာ ယာယီတည်းခိုကြရန် စီစဉ် ပေးကြ၏။ ထမင်းအတွက်ကိုတော့ ရွာသားတွေ ထမင်းထုပ်ပို့ကြသည် ။

"အဲဒါ သူပုန်တွေလေ သားရဲ့ "

"ဟုတ်လား သေနတ်ကြီးတွေနဲ့ ကြောက်စရာကြီးပဲ"

လှမိုးမှာ အဖေ့ကို အားကိုးတကြီး မော့ကြည့်၏။

***

ရိုးတောင်ဦးမှ အရှူးအမူး ထိုးစစ်ဆင်လာသော မြောက်လေ သရမ်းကြောင့် လှမိုးတို့ ချမ်းလိုက်သည် မှာ ပြောစရာမရှိ။ အဖေကြီး ကိုထွန်းစိန်က တခိုက်ခိုက်တုန်နေသော သားလေးကို ရင်ဘတ်အောက် သွင်းပြီး မိဘမေတ္တာ ကိုယ်ငွေ့ပေးထား၏။ သာလာယံဇရပ်ကြီးဆို တော့ ဟင်းလင်းပြင်မို့ ပိုဆိုးသည် ။ အရှေ့ဆီက ရောင်နီဦးတော့ သန်း လာပြီ။ မြန်မြန်မိုးလင်းစေလိုသော ဆန္ဒသည် ခရီးသည် တိုင်း နှလုံး သားထဲ ရောက်နေကြ၏။

"ခရီးသည် တွေ နိုးကြပြီလားဟေ့"

သည် အသံကို လှမိုး ကောင်းကောင်း မှတ်မိသည် ။ အသံက ကျယ်ပြီး ကြည်သည် ။ စက်လှေပိုင်ရှင် အသံပင်တည်း။ စက်လှေပိုင်ရှင် မှာ သံတွဲနယ်သားဟု သိရ၏။ သံတွဲသားများမှာ ရခိုင်များ ပင် ဖြစ်ကြ သော်လည်း ဗမာလေသံလိုပင် စကားပြောကြသည် ။ သို့ကြောင့် ရခိုင် လေသံတွေကြားမှာ စက်လှေပိုင်ရှင်၏ အသံက ထူးခြားနေသည် ။ ခရီး သည် တွေ အိပ်ရာက ထထိုင်လိုက်ကြသည် ။

"ညတုန်းကဗျာ ဒီက ပြောက်ကျားတွေ သေန့်သာကျွန်းမှာ ရဲသား လေးနှစ်ယောက်ပဲ ရှိတယ်ဆိုပြီး သွားတိုက်ကြတာလေ"

ခရီးသည် များ ရင်တထိတ်ထိတ်နဲ့ နားထောင်နေကြသည် ။

"ဘယ်ဟုတ်မလဲဗျာ မနေ့က သေန့်သာကနေ တက်လိုက်လာတဲ့ လူ က သူတို့ သူပုန်တွေထဲကပဲ အဲဒါဟိုမှာ ရဲသား ဘယ်နှယောက် ရှိတယ် ဆိုတာ သွားလေ့လာတာပဲ ဖြစ်မှာ ပါ"

ခရီးသည် များ ငြိမ်သက်နေကြ၏။

"ဟိုမှာ က ရဲသား သုံးယောက်ထဲရှိတာ အဲဒါ တစ်ယောက်က ကျော

က်ဖြူကို ခဏပြန်သွားတော့ နှစ်ယောက်လောက် ကျန်တာလောက်ကို အေးဆေးပဲဆိုပြီး သွားတိုက်ကြတာကလားဗျာ"

"တစ်ညလုံး သေနတ်သံတွေ လွှမ်းသွားတာ ပြေးကြလွှားကြ အော်လိုက်ကြ ငိုလိုက်ကြနဲ့ ကျွန်းတစ်ကျွန်းလုံး ငရဲပြည်ကျနေတာပဲ"

"အဲဒါ သူတို့ နိုင်လာလား"

စက်လှေပိုင်ရှင် ပြောနေတုန်းမှာ ပဲ ခရီးသည် တစ်ယောက်က ဝင်ဖောက်မေးလိုက်သည်။

"ဘယ်ကနေ ဟိုကလည်း နှစ်ယောက်သာပြောတယ် ချလိုက်တာမှ သူတို့ ထက်တောင် ကျည်ထွက်များ တယ်"

"မနက်လင်းလာရင် ဒီကောင်တွေ အထိနာတော့မှာ လေ ဟိုက ကတုတ်ကျင်း ကောင်းကောင်း နဲ့ နေရာယူထားကြတာ ဒါကြောင့် ခွေးပြေးဝက်ပြေး ပြေးပြီး စက်လှေပေါ် ပြေးဆင်းလာကြပါရော့လား "

"ကောင်းတယ်"

ခရီးသည် တစ်ယောက်ထံမှ ဆန္ဒနှလုံးသား ပွင့်ထွက်သံပင် ဖြစ်သည်။

"ကဲ ခင်ဗျားတို့ ကို ကျွန်တော် တောင်းပန်ပါရစေ ကျွန်တော် စိတ်ရော လူရော အရမ်းနေမကောင်း ဖြစ်သွားပြီ သေကံမရောက် သက်မပျောက်လို့ ပြန်ရောက်လာတာ၊ ရှေ့ဆက် ခရီးထွက်ဖို့ ကျွန်တော့်မှာ အင်အားမရှိတော့ဘူး၊ ကျွန်တော် လာကတည်းက သိပ်လည်း နေမကောင်းဘူး ကျောက်ဖြူပဲ ပြန်တော့မယ်၊ ခင်ဗျားတို့ ဒီရွာကပဲ အဆင်ပြေသလို စီစဉ်ပြီး သွားလိုက်ကြပါ၊ ကဲ အားလုံးပဲ"

စက်လှေပိုင်ရှင်ကား လက်ပြနှုတ်ဆက်ပြီး ပြန်သွားလေပြီ၊ လှမိုးတို့

မှာ မတ်တပ်ရပ်လို့ လမ်းမှာ ငိုရမည့် အဖြစ်ပါကလား။

***

"ဦးရွှေမောင် တက်ခတ်တာ နည်းနည်းဆွဲခတ်စမ်းပါဗျာ တော်ကြာ ရေကျလာရင် ဘယ်မှ မရောက်ဘဲ ဘင်္ဂလားပင်လယ်ထဲ ရောက်သွားလိမ့်မယ်နော်"

ကိုထွန်းစိန်က ပဲ့ကိုင်ရာကနေ တက်ခတ်နေသော ဦးရွှေမောင်ကို လှမ်းပြောလိုက်သည် ။

လှမိုးတို့ သားအဖမှာ သလူမော်ရွာတွင် သောင်တင်နေတုန်း ကူးတို့သည် လိုက်ရှာရာ ရွာပြင်ကွင်းစပ်တွင် တဲကလေးထိုးပြီး ဘဝရပ်တည်နေကြသော ဦးရွှေမောင်နှင့် ဒေါ်ရွှေဘုံတို့ အဘိုးအဘွား လင်မယားကို သွားတွေ့၏။ လူတွေကသာ ရွှေမောင် ရွှေဘုံ ဖြစ်နေကြတာ ဆင်းရဲကြတာလည်း ပြောမနေနဲ့ တာတေကိုလန်နေတာ။ လူပုံက ညှက်ညှက် တဲပျက်ကယိုင်ယိုင် ဆိုတာမျိုးပေပ။ သားထောက် သမီးခံမရှိတော့ ပိုဆိုးသည် ။

ခု လှမိုးတို့ သားအဖကို သည် အဘိုးအဘွား လင်မယား သလူမော်ရွာကနေ သရက်တောင်ရွာဆီ လိုက်ပို့ရမှာ ။ အဘိုးကြီး တစ်ယောက်ထဲဆို လှော်အား ခတ်အားနည်းတာကြောင့် အဘွားကြီးကိုပါ ခေါ်လာခဲ့ခြင်း ဖြစ်သည် ။ အဘိုးအဘွား လင်မယားကလည်း ဘယ်ညာ တွဲဆိုင်းတွဲကာ တက်နှစ်ချောင်းဖြင့် လှော်ခတ်လာကြ၏။ ကိုထွန်းစိန်က ပဲ့ကိုင်ပေးသည် ။ ပဲ့ကိုင်သည် ဆိုသော်လည်း တက်မကို အသေကိုင်ပြီး ရေထဲနှစ်ကာ စင်းပေးထားခြင်းမျိုး မဟုတ်။ အားကောင်းမောင်းသန် ယောက်ျားကြီးမို့ မောင်းရင်းအားသွင်းကာ ဖိလှော်၏။ သို့သော် အဘိုးအဘွား လင်မယားမှာ ဝန်နဲ့ အား မမျှသဖြင့် ရ

န်းအားက ထင်သလောက် ဖြစ်မလာ။ တစ်ချီခတ်လို့ တစ်တောင်မရွေ့။ နှစ်ချီခတ်လို့ တစ်တောင်မရွေ့။ သည် လိုပုံနဲ့ မိုးကြီးချုပ်တော့မည်ဟု ကိုထွန်းစိန် တွေးလိုက်ပေပြီ။

"ဦးရွှေမောင်ရေ ပွဲစင်သို့ လာခဲ့ပါ ပွဲကိုင်လှည့် ကျွန်တော် လာခတ်ပေးမယ်နော်"

ကိုထွန်းစိန်နဲ့ ဦးရွှေမောင် နေရာချင်း လဲလိုက်ကြ၏။ ကိုထွန်းစိန်က ရောက်လိုဇော ဆန္ဒက အရမ်းပြင်းပြနေပေရာ ခတ်တက်ကို ရေထဲ နာနာနှစ်ပြီး လူကိုယ်ကြီး ပက်လက်လန်အောင်ထိ ဆွဲခတ်လိုက်၏။ လှေကတော့ တော်တော်ရွေ့သည် ။ ဤတွင် အခက်အခဲ တစ်ခုနဲ့ ရင်ဆိုင်ရပြန်သည် ။ ဒေါ်ရွှေဘုံက ခန္ဓာကိုယ် လျော့ရဲရဲလေးနဲ့ ခတ်တက်ဆွဲအားက သိပ်မရှိ။ ကိုထွန်းစိန်က ဆွဲခတ်လေ ဒေါ်ရွှေဘုံဘက်သို့ လှေက ဝိုက်ပြီး လည်သွားလေ ဖြစ်နေသည် ။ လှေလမ်းကြောင်းက မဖြောင့်တော့ လှေက ထင်သလောက် မပြေး။ အရေးထဲ ဘေးလှိုင်းက လေးက လာလိုက်သေးသည် ။ လှေမှာ ကလေးတွေ ဘေးတိုက် ကြိုးခုန်တမ်း ကစားသလိုမျိုး ဖြစ်နေ၏။

"ဒေါ်ရွှေဘုံရေ နည်းနည်းလောက် အားထည့်ပေးစမ်းပါဗျာ ရေကျသွားရင် ဒုက္ခများကြလိမ့်မယ်နော်"

ဒေါ်ရွှေဘုံကတော့ ဘာမျှ ပြန်မပြော။ ညှစ်အားသုံးပြီး ကြိုးစားခတ်၏။ မျက်နှာပြင် ညိုညစ်ညစ်ကလေးမှာ ချွေးတွေ စီးကျနေ၏။ ပင်ပန်းလွန်းလို့ နှာခေါင်းပေါက်တွေလည်း ကျယ်နေပြီ။ လှမိုးမှာ အဘွားကြီးကို ကြည့်ပြီး အရမ်းသနားသွားသည် ။ အဘွားကြီး၏ လှုပ်ရှားမှုကို ကြည့်နေရင်း ရင်ထဲ မချိသလို ခံစားလာရသည် ။

"အဘွား အဘွား အရမ်းပင်ပန်းနေပြီ သား တက်ခတ်ပေးမယ်နော်"

"နေပါစေ သားလေးရယ်"

" မဟုတ်ဘူး အဘွား အဘွားကို သား သနားလွန်းလို့ ပါ"

"သားက တက်ခတ်တတ်လို့ လား"

"ရတယ် အဘွား သား တက်လည်း လှော်တတ်တယ် တတ်လည်း ခတ်တတ်တယ်။ ကိုယ့်ရွာချောင်းမှာ သူငယ်ချင်းတွေနဲ့ ကစားနေကျပါ"

သည် တစ်ချီမှာ တော့ အဘွားဒေါ်ရွှေဘုံ ခတ်တက်စင်က ဆင်းပေးလိုက်သည် ။ လှမိုး လှေထုပ်တန်းပေါ်တွင် ဝင်ထိုင်လိုက်ပြီး ခတ်တက်ကို ရှေ့တို့ းနောက်လှန် ဆွဲခတ်လိုက်တော့၏။ လှမိုးတို့ သားအဖမှာ ခတ်တက်ကို ပြိုင်တူဆွဲခတ်လိုက်ကြရာ လှေမှာ ပြေးအား ကောင်းသွားသလို ရှိ၏။

"သား ခတ်တက်ကို ကိုင်တာ အရမ်းကြီး အားထည့်ပြီး ဆုပ်မကိုင်နဲ့နော်၊ လက်ဝါးပြင်တွေ အရေလန်ကုန်လိမ့်မယ်"

"ဟုတ်ကဲ့ပါ အဖေ"

အဘွား ဒေါ်ရွှေဘုံကတော့ မည်မျှထိ ပင်ပန်းသွားလေသည် မသိ။ လှေကတ်စင်ပေါ်တွင် ခွေခွေကလေး အိပ်နေပေပြီ။ လှမိုးမှာ ထမင်းလုံးကြီးကို သယ်ပိုးသွားနေသော ပုရွတ်ဆိတ်လေးကို ကိုယ်အားမမျှ လုပ်အားပြနေသည် ဟု ဆိုလောက်ပေသည် ။ လှမိုးမှာ တစ်နာရီလောက် တက်ခတ်လိုက်ချိန်တွင် ချွေးတွေ ဖြိုင်ဖြိုင် ထွက်ကုန်ပြီ။ မောလိုက်သည်မှာ ပြောစရာမရှိ။ ရင်ဘတ်ကလေး တဒုန်းဒုန်းမြည်ပြီး အသက်ရှူသံ ပြင်းနေ၏။ သို့သော် လှမိုးကား ပင်ပန်းသည် ဟု မပြော။ လုံးဝ မပင်ပန်းသလို အဖေ့ဘက်လှည့်ပြီး ပြုံးပြ၏။

"အဖေ့သားကြီး အရမ်းပင်ပန်းနေပြီ"

"ရပါတယ် အဖေ သား မပင်ပန်းပါဘူး"

သားအတွက် အဖေကြီး အရမ်းပူပန်နေမှာ စိုး၍ လှမိုး အေးအေးဆေးဆေးပဲ ပြောလိုက်သည် ။

"နေတောင် ဝင်တော့မှာ ပါလား အဖေရယ်"

"ဟုတ်တယ် သား မြစ်ကြီးနှစ်မြစ်ကို ဖြတ်ပြီး လာခဲ့ရတာလေ"

"ရောက်တော့မှာ ပါ ဟိုရှေ့ ဗြူးရုံမော်လေးကို လှည့်လိုက်ရင် ကိုယ့်ရွာကို ရောက်ပြီလေ"

လှမိုးမှာ တက်ခတ်ရင်း နောက်သို့ လှည့်ကြည့်လိုက်၏။ ထုံးဖြူဖွေးဖွေး စေတီများ နဲ့ သရက်တောင်ရွာ ဘုရားကြီးကုန်းကို နေရောင် မှိန်မှိန်အောက်တွင် လှမ်းမြင်လိုက်ရသည် ။ လှမိုး အရမ်းအားတက်သွား၏။ လှမိုး အရမ်း အားတက်သွား၏။ ခတ်တက်ကိုလည်း ခပ်တင်းတင်းဆွဲခတ်လိုက်၏။ လှေမှာ ဗြူးရုံတန်းကြီး ကြီးစိုးနေသော သောင်မော်တစ်ခုကို ကွေ့ပြီး လှည့်လိုက်၏။

"ဟော ရောက်ပြီသားရယ် ရောက်ပြီ"

လှမိုးတို့ သားအဖ ပစ္စည်းတွေကို ကုန်းပေါ်တင်အပြီးမှာ ဦးရွှေမောင်တို့ ကို ကူးတို့ ပို့ခလေး ပေးလိုက်၏။ မောင်တစ်ထမ်း မယ်တစ်ရွက် သက်ကြားအို ဇနီးမောင်နှံ နှစ်ယောက်ကတော့ မြစ်ရေအကျနဲ့ ဖြည်းဖြည်းချင်း လှော်ခတ်ဆင်းသွားကြလေပြီ။

လှမိုး လက်ဝါးပြင်လေး နှစ်ဖက်ကို အသာအယာ ဖြန့်ကြည့်လိုက်၏ ။

"ဟာ သား လက်ဝါးမှာ အရေတွေ လန်ထွက်နေပါရော့လား"

လှမိုး လက်ဝါးပြင်မှာ အရေတွေလန်ပြီး သွေးရေကြည် ဥနေသော အဖြစ်ကို မြင်တွေ့လိုက်ရာ အဖေကြီး ကိုထွန်းစိန် နှလုံးသားတွင် ဝေဒ နာတစ်ခု ဖြစ်တည်သွားသည် ။

"နည်းနည်းလေးပါ အဖေကြီးရာ"

"သား ခုလို ဖြစ်နေတာ အဓိက အကြောင်းတရားက ပြည်တွင်း စစ်ကြောင့် ပဲကွဲ့"

"ဟုတ်တယ်နော် ဖေကြီး အဲဒီသူပုန်တွေကသာ သားတို့ မော်တော် ကို မယူဘူးဆိုရင် သားတို့ ဘာမှ မဖြစ်ဘူး"

"ဟုတ်တယ်သား စစ်ဆိုတာ လူသတ်တာ လူတွေကို ဒုက္ခပေးတာ"

"ဟုတ်တယ်နော် အဖေ"

"ကဲ သား ရွာဘက် တက်သွားလိုက်၊ အမေ့ကိုပြော အဖေကြီး ပစ္စည်းတွေနဲ့ ကျန်ခဲ့တယ်၊ ပစ္စည်းသယ်ရအောင် အိမ်နားက လူတွေ အ ကူအညီ ခေါ်လာခဲ့ပါလို့ ပြောနော်"

"ဟုတ်ကဲ့ပါ အဖေ"

လှမိုး အဝတ်လွယ်အိတ်ကလေးကို လွယ်ပြီး ရွာဆီသို့ ဦးတည်လျှော က်လာခဲ့သည် ။ အဖေကြီး ဦးထွန်းစိန်၏ ပြောစကားက နားထဲတွင် ပဲ့ တင်ထပ်နေ၏။

"စစ်ဆိုတာ လူသတ်တာ လူတွေကို ဒုက္ခပေးတာ"

လှမိုး မူလတန်းကျောင်းသားအရွယ် ဥမမည် စာမမြောက်ခင် ကတ ည်းက ပြည်တွင်းစစ်၏ သားကောင်ငယ်လေး တစ်ကောင် အဖြစ်နဲ့ စစ် ဆိုတာ လူတွေကို ဒုက္ခပေးသော အဆိပ်သီးဟု ခံယူတတ်လေပြီကော။

***

(၁၉၅၉-ခုနှစ်က အဖြစ်အပျက်အား ပြန်လည်ခံစား
ရေးဖွဲ့ထားပါသည် ။)

# ဝတ်မှုန်ကူးတဲ့ ပန်းလိပ်ပြာ

ကျွန်းစဉ်ဒေသသည် ရခိုင်ရိုးမတောင်တန်းကြီးနှင့် ဘင်္ဂလားပင်လယ်အော်တို့ အကြားတွင် တည်ရှိသည် ။ မြေပြန့်လွင်ပြင်ဟူ၍ နွားလှည်းသွားစရာတောင် မြေမရှိသဖြင့် ကျွန်းစဉ်တစ်နယ်လုံး၌ စက်ဘီး၊ ဆိုက္ကား၊ မော်တော်ကားကို မဆိုထားဘိ နွားလှည်းလေးတောင် တစ်စီးတစ်လေမျှမရှိ။ သို့သော် ကျွန်းစဉ်သားတို့ ကား ဖွဲ့ကောင်းကြသည် ။ လုပ်ငန်းကျွမ်းကျင်ကြသည် ။ ဒီရေရောက် တောတန်းကြီးများကို လက်ကောက်ဝိုင်းသဏ္ဍာန် စုပေါင်းဆည်ဖို့ ကြခြင်းဖြင့် ရေငန်တားတမံကြီး အတွင်းက လယ်ကွင်းပြင်ကြီးများကို ဖြစ်ပေါ်စေခဲ့ကြသည် ။ မည်သူမျှ တာဝန်ပေးစရာမလိုဘဲ ဒေသ သဘာဝအပေါ် အခြေခံပြီး ဘဝအသိဖြင့်ကျွန်းစဉ်သားတို့ တည်ထွင်ကြံဆခဲ့ခြင်းပင် ဖြစ်ပေသည် ။ တောရိုင်းမြေများဖြစ်၍ စပါးအထွက်တိုးလည်း ကောင်းသည် ။

ကျွန်းစဉ်နယ်တွင် ဥယျာဉ်ခြံမြေစိုက်ရန် မြေပြန့်လွင်ပြင်ဟူ၍ မရှိ။ သို့ဖြစ်၍ စပါးအပြင် အခြားအသီးအနှံများ ရှားပါးသည် ။ ဟင်းသီးဟင်းရွက်များကို အမ်းမြို့နယ်၊ ဒလက်ချောင်းဖျားက ချင်း တိုင်းရင်းသားများ စပါးနဲ့ လာလဲကြ၍ အဆင်ပြေကြသည် ။ မင်းပြားမြို့နယ် လေးမြို့ချောင်းဖျားသို့ သွားရောက်ဝယ်ယူကြပြီး ရွာစဉ်လိုက်ကာ လည့်လည် ရောင်းချကြခြင်းဖြင့် ကုန်သွယ်မှု ပြုလုပ်သူများ လည်း ရှိကြသည် ။ မြစ်ချောင်းများ ပေါများ ခြင်းကြောင့် ငါး၊ ပုစွန်၊ ဂဏန်းကတော့ အလျှံပ

ယ်ထွက်သည် ။ ကျွန်းစဉ်ဒေသတွင် ရခိုင်ကမ်းရိုးတမ်းမှာ ရေထွက်ပစ္စည်း အပေါ်များ ဆုံး နေရာဟု ပင် ပြောနိုင်ပေသည် ။

ဤဒေသသည် လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲလွန်းသောနေရာဖြစ်၍ တစ်နေရာမှ တစ်နေရာသို့ သွားလာရန် မလွယ်ကူပေ။ မိုးတွင်းဆို ပိုဆိုးသည် ။ သို့ဖြစ်၍ တစ်မိုးစာ စပါး၊ တစ်မိုးစာ ဆား၊ တစ်မိုးစာ ငါးပိ၊ တစ်မိုးစာ ချဉ်သီး စသည် ဖြင့် တစ်မိုးစာအတွက် လုံလောက်အောင်စီမံပြီး သိုလှောင် စားသောက်ကြသည် ။

ကျွန်းစဉ်သားတို့ မှာ ငါးဟင်းချက်ရာတွင် လည်းကောင်း၊ ရခိုင်ဟင်းလျော်ချက်ရာတွင် လည်းကောင်း၊ ချဉ်ရည်ကြိုရာတွင် လည်းကောင်း၊ ချဉ်သီးကို ထည့်ချက်ကြသဖြင့် မန်ကျည်းသီးမှ ည့်၊ မရမ်းသီးမှ ည့်တို့ ကို အခြောက်လုပ်ပြီး စဉ့်အိုးလေးဖြင့် ငါးပိကို ထားသလိုမျိုး သိုလှောင်ထားကြသည် ။ အချို့မှာ နွှေရာသီကပင် မန်ကျည်းရွက်နုကို အခြောက်လှမ်းပြီး ရေနူးကာ ထောင်းလိုက်ခြင်းဖြင့် ငါးပိလိုမျိုး ဖြစ်သွားကာ ထည့်သိပ်ရန် အဆင်ပြေသွားသည် ။ ရိုးရာအစားအစာဖြစ်၍ တန်ဖိုးနည်းနည်းနဲ့ ကိစ္စပြီးမြောက်အောင် ကြံဖန်လုပ်ကြခြင်း ဖြစ်ပေသည် ။

ငရုပ်သီးခြောက်ကိုတော့ ပေါက်တောမြို့နယ် တောင်ချောင်းရွာဘက်က လည်းကောင်း၊ မင်းပြားမြို့နယ် ဖုံသာချောင်းဘက်မှ လည်းကောင်း၊ တောင်ကုတ်မြို့နယ် တန်းလွှဲချောင်းဘက်မှ လည်းကောင်း ဝယ်ယူသိုလှောင်လေ့ ရှိကြသည် ။

***

ကိုထွန်းစိန်မှာ ဒေသထွက်ကုန်များ ဖြင့် ကူးသန်းသွားလာနေသူ ဖြစ်၍ သင်္ဂဟစကော်ဝန်း ကျယ်ပြန့်သည်။ ခုလို နွေရာသီဆို တောင်ကုတ်မြို့နယ် တန်းလွှဲချောင်းက ကိုသန်းခင်နှင့် ကိုမောင်ပိန်တို့ ငရုတ်သီးခြောက် လာရောင်းကြသည် ။ တန်းလွှဲငရုပ်သီးမှာ အတောင့်ရှည် အလုံးထွားပြီး အပွားရသဖြင့် ကျွန်းစည်သား လယ်သမားတို့ ကြိုက်ကြသည်။

သရက်တောင်ရွာသို့ ဘယ်နေရာက ဘာပစ္စည်းပဲ ရောက်ရောက်ရောင်းကုန်ဟု ဆိုလျှင် ရွာဆော်ကိုခေါ်ပြီး ရွာရိုးကိုးပေါက် လျှောက်အော် ကြေညာခိုင်းရသည် ။ တန်းလွှဲသား ကိုသန်းခင်တို့ ငရုတ်သီးမှာ ရွာထဲတွင် ကြေငြာထားပြီးပြီမို့ ရွာသူတို့ မှာ ခွဲတောင်းကြီးနဲ့ တစ်မျိုး၊ ဂုံနီအိတ်များ ဖြင့် တစ်ဖုံ၊ ပုဆိုးဟောင်းကို တစ်ဖက်စေ့ပိတ်ပြီး အိတ်လုပ်၍ တစ်နည်း တစ်ယောက်ပြီးတစ်ယောက် လာဝယ်ကြ၏။ ငရုပ်သီးပိုင်ရှင် ကိုသန်းခင်နဲ့ ကိုအပိန်တို့ မှာ လည်း ပစ္စည်းရောင်းအားကောင်းမှုကြောင့် တပြုံးပြုံးနဲ့ ခြင်တွယ်ပေးကြ၏။

ကျွန်းစည်ဒေသမှာ က နို့ဆီဘူး ၄-ဘူးဝင်ကို "၁-သိုက်တောင်း" ဟု ခေါ်သည် ။ ၁၂-သိုက်ဝင် တောင်းကြီးကိုတော့ "၁-သံတောင်း" ဟု ခေါ်ကြသည် ။ သံတောင်းဆိုသည် မှာ အင်္ဂလိပ်လက်ထက်ကပင် သုံးသော ၁၂-သိုက်ဝင် သံတောင်းကြီး ဖြစ်သည် ။ ယခုအခါ သံတောင်းကြီးများ ရှားပါးလာသဖြင့် ဝါးကြိမ်တို့ ဖြင့် ရက်လုပ်ထားသော ဝါးနှီးသံတောင်းဖြင့်သာ ခြင်တွယ်ကြသည် ။

ကိုယ့်အရပ်နဲ့ ကိုယ့်ဇာတ်လို့ ပဲ ဆိုရပေမည်။

***

သရက်တောင်ရွာသားတို့ ၏ ရိုးရာဓလေ့တစ်ခုမှာ စပါးပေါ်ချိန် ငွေပေါ်ချိန် နွေရာသီရောက်ပြီဟု ဆိုလျှင် နှစ်စဉ် ကြည့်ချင်ပွဲ (ဗလာပွဲ) အဖြစ် ဇာတ်ပွဲကပြလေ့ရှိသည် ။ ကြည့်ချင်ပွဲဆိုသည် မှာ ရုံပွဲမဟုတ်။ မိမိကြိုက်သော ဇာတ်အဖွဲ့ တစ်ဖွဲ့ကို ငှားပြီး ရွာလယ်ကွင်းတွင် ကပြကြခြင်းပင် ဖြစ်ပေသည် ။ ရုံပွဲ မဟုတ်သဖြင့် ရုံကာရန်လည်း မလို။ တစ်ရွာလုံးလာကြည့်။ အိမ်ရှိလူ၊ ရွာရှိလူ၊ အကုန်ကြည့်လို့ ရသည် ။ ဘုန်းကြီးကျောင်းက ဦးပဉ္ဇင်းလေးများ ကိုရင်လေးများ လည်း ကြည့်လို့ ရသည် ။

လ ု မ ိုးမ ု ၁ နေခြည်ညှိုးကတည်းက ဖျာလိပ်ကလေးကို ပခုံးပေါ်တင်ပြီး ဖျာနေရာဦးရန် လှမ်းထွက်လိုက်၏။

"သားရေ လာဦး လာဦး"

ကိုထွန်းစိန် လှမ်းခေါ်လိုက်ရာ လှမိုး အဖေကြီးအနီးသို့ ရောက်လာ၏။

"သားလေး အိမ်မှာ ဧည့်သည် ရှိတာ သိတယ်နော် အဲဒါ မနက်အစောကြီး အိမ်ပြန် လာပြီး ကြက်စင်က ကြက်ဖလေးကို ဟင်းစားပေါ်ရမှာ သိလား"

"ဟုတ်ကဲ့ အဖေ"

"မိုးလင်းအောင် ကြည့်လို့ မရဘူး ကြက်တွေ အိပ်တန်းမဆင်းခင် လာရမှာ နော်"

"ဟုတ်ကဲ့ သား နားလည်ပါတယ် အဖေ"

"အေး ဟုတ်ပြီ ဟုတ်ပြီ သွား သွား သွား"

ဖွဲ့ကောင်းမှ နေရာကောင်းရမှာ မို့ လှမိုး သုတ်ခြေတင်ခဲ့လေပြီ။

ကျွန်းစဉ်သူ ကျွန်းစဉ်သားတို့ မှာ ဧည့်သည် ဆိုလျှင် အိမ်ဦးခန်းမှာ ထားတတ်ကြသည် ။ စားရေး သောက်ရေး နေထိုင် တည်းခိုရေးတို့ က အစ အတတ်နိုင်ဆုံး ဧည့်ဝတ်ကျေအောင် ဆောင်ရွက်ကြသည် ။ အဓိက အားဖြင့် ကြက်သား ဝက်သားနဲ့ ကျွေးမွေးရမှ မိတ်ကောင်းတာဝန် ကျေသည် ဟု ခံယူထားကြသည် ။

ခက်သည် က ကျွန်းစဉ်ဒေသရွာများမှာ အိမ်ခြေဘယ်လောက် များစေကာမူ ဈေးဟူ၍ မရှိကြခြင်းပင်။ ကိုယ်တိုင် မွေးမြူကြရသည် ။ ကိုယ်တိုင် ရှာဖွေကြရသည် ။ ဧည့်သည် ရောက်လာလျှင် ရွာရိုးကိုးပေါက် လျှောက်ပြီး ကြက်ရှာကြရသည် ။ ကြက်ရောင်းမည့် အိမ်ကို တွေ့လျှင်တော့ အရပ်ကူ လူဝိုင်းပြီး လူနဲ့ ကြက် ထုပ်ဆီးထိုးကြရသလိုပါပဲ။ ဟင်းတစ်နပ်အတွက် တစ်ရွာလုံး အုတ်အော်သောင်းတင်း။ ဟိုက လှမ်းကြည့်သည် က ပြူကြည့်နဲ့ ။ သိပ်တော့ အဆင်မပြေလှ။

လှမိုးတို့ မှာ လို အိမ်မွေးကြက်ကလေးကို မနက် အိပ်တန်း မဆင်းမီ ကိုယ့်အိမ်ထဲမှာ ကိုယ် ဆိုလျှင်တော့ အိန္ဒြေရကြသည် ပေါ့။ သည် အဖြစ်အပျက်တွေကြောင့် ကိုထွန်းစိန်တစ်ယောက် ဧည့်ဝတ်ကျေစေဖို့ အရေးသူ့သားလေးကို ကြိုပြီး သတိပေးနေရသည် ပေါ့။ သား လှမိုးကလည်း မိဘစကားကို ငြင်းဆန်ခဲ့သူမို့ မနက်ဖြန် ဟင်းကိစ္စကို အဖေကြီး ကိုထွန်းစိန် နှလုံးစိတ်ဝမ်း အေးချမ်းခဲ့ရသည် ။

***

သရက်တောင်ရွာသားတွေ ဘယ်လောက်တောင် ဇာတ်ပွဲ စွဲကြသလဲ ဆိုရင် နေဝင်ရုံပဲ ရှိသေးသည် ကွင်းလုံးပြည့် ပွဲကြည့်ပရိသတ်တွေနဲ့ ပြည့်နေကြပြီ။ ရပ်နဲ့ ကွာ ရွာနဲ့ ဝေးပြီး ၁-နှစ်လုံးနီးပါး လယ်တောထဲ ရောက်နေခဲ့ကြသည် မို့ ဇာတ်လွမ်းနေကြတာလည်း ပါသည် ထင်ရဲ့ ။

ဇာတ်အဖွဲ့ကလည်း ပါးသည် လျင်သည် အချိန်သိပ်မဆွဲ။ ညနေရီ ရေခပ်ချိန် နားသည် ဆိုရင်ပဲ ဆိုင်းတီးလုံးဖွင့်ပြီး ဇာတ်သံပေးပြီ။ ကလေးအိပ်ချိန်ပဲ ရောက်သေးသည် အပျိုတော် ၁၂-ခန်း ထွက်လာပါလရော။ လှမိုးတို့ ဖျာက ရှေ့ဆုံးကဆိုတော့ မင်းသမီး က,တာကို လှမ်းမကြည့်ရဘဲ မော့ကြည့်လို့ ရသည့် အဖြစ်။ မင်းသမီး ဝှေ့ယမ်းကလျှင် ထမီစွန်တောင် လေခတ် ခံရနိုင်သည့် အခြေအနေမျိုး။

"သား ဖျာနေရာယူတာ ရှေ့မရောက်လွန်းဘူးလား"

"အမေကလည်း ဒီလောက်ထိ နေရာယူထားမှ အကုန်လုံး မြင်ရတာဗျ"

ဇာတ်နဲ့ ပတ်သက်လာလျှင် မည်သို့မျှ သားကို ဖျောင်းဖျပြောလည်း ရမှာ မဟုတ်မှန်း မစောမ သိသည် ။ သားကို ဆက်မပြောတော့ဘဲ နို့စို့ကလေးကို ရင်ခွင်ပေါ်တင် နို့ညှာကောင်လေးကို ဘေးနားမှာ ချသိပ်ပြီး မော့ကြည့်နေလိုက်သည် ။ သမီးလေးကတော့ အမေနဲ့ ဘေးချင်းယှဉ်လျက် ငုတ်တုတ်ကလေး။

"အမေ အမေ မင်းသမီးက က,တတ်လိုက်တာနော်"

"က,တတ်လို့ လည်း ဇာတ်မင်းသမီး ဖြစ်လာတာပေါ့ သားရယ်"

အပျိုတော်ခန်း ကားလိပ်ချလို့ ဘာမျှမကြာပါဘူး၊ ကန့်လန့်ကာကြီး မြင့်တက်သွားပြန်လေပြီ။ တူညီဝတ်စုံလေးတွေနဲ့ ယိမ်းသမတွေ ညီညီ

ညာညာ ယိမ်းက,နေကြပေပြီ။ ထကြတော့လည်း အတူတူ ထိုင်ကြတော့လည်း အတူတူ။ လက်ဝိုက်တော့လည်း အတူတူ ခြေခတ်တော့လည်း အတူတူ တစ်ရောင်ထဲ တစ်သွေးထဲ ကြည့်လို့ ကောင်းမှ ကောင်း။ သီးချင်းလေးက သံပြိုင်ဟစ်ပြီး ဆိုလိုက်ကြသေး။ လှမိုးမှာ သဘောကျသလား မမေးနဲ့ ။ မျက်တောင်တောင် မခတ်ပါဘူး။

"အမေ မင်းသမီးလေးတွေက အပျိုမတွေချည်းပဲနော်"

"ဘယ်ကနေ အပျိုတွေ ဖြစ်ရမှာ လဲသားရယ် ယိမ်းဆိုတာ ဇာတ်အဖွဲ့နဲ့ ပါတဲ့ မိန်းမတွေ အကုန်က,ရတာလေ သားရဲ့ ပတ်မတုတ်ကြီးရဲ့ မိန်းမ၊ ကားလိပ်ဆွဲမိန်းမ၊ ဇာတ်သေတ္တာသယ်တဲ့ ကောင်ရဲ့ မိန်းမကအစ အကုန်လုံး က,ရတာလေ"

"အမေကလည်း မဟုတ်သေးဘူး ထင်တယ်နော် ပတ်မတုတ်ကြီးရဲ့ မိန်းမက ဘယ်လိုလုပ် က,တတ်မှာ လဲလို့ "

"ဩော် သားကလည်း ဒီလို ယိမ်းအဖွဲ့ဆိုတာ လူအများ လိုတာလေ ဒါကြောင့် ဇာတ်နောက်ပါနေတဲ့ အတူတူ တစ်ခန်းစ နှစ်ခန်းစတော့ သင်ထားကြတာပေ့ါ။ သူတို့ ဒီလိုလေး ဝင်ကလိုက်တော့ ညကြေးရတယ်လေ သားရဲ့ "

"ဟုတ်လား"

ယိမ်းအဖွဲ့တွေကို သိမ်းသွားတော့ မကြာပါဘူး အော်ပရာခန်းလေး လာပြီ။ ဒီသာပါမောက္ခ ဆရာကြီးဆီမှာ ပညာသင်ကြားနေကြသည့် စာသင်သားတပည့်များ နဲ့ စာသင်ခန်း။ စာသင်သားများ ထဲမှာ အဟိံသက သတို့ သားက စာတော်သည် ။ ဆရာကြီး၏ အရေးပေးခြင်းကို ခံရသည် ။

အဟိသကသည် သင်ယူမှု အားချိန်လေးတွေမှာ ဆရာကြီးကတော်၏ အိမ်မှုကိစ္စများမှာ ဝင်ကူပေးသည် ။ တပည့်အချို့က ဆရာကြီးကို မဟုတ်မမှန် ကုန်းချောသည် ။ ကြာတော့ ဆရာကြီးက တပည့်ကို ဆရာကြီးကတော်နဲ့ အထင်လွဲခဲ့ပါလေရော။ ဆရာကြီးက သူ့တပည့်ကို ခရီးသွားများ ၏ လက်ညှိုးတွေ အတင်းဖြတ်ခိုင်းသည် ။ အဟိံသက သတို့ သားလည်း ဆရာ့စကား မြေဝယ်မကျ နားထောင်တတ်သူမို့ ဆရာကြီး ခိုင်းသလို လိုက်လုပ်တော့ အင်္ဂုလိမာလ အမည်သစ်နဲ့ လူဆိုးကြီး ဖြစ်ခဲ့ရသည် ။ ဗုဒ္ဓဘုရားရှင်က အင်္ဂုလိမာလကို တရားပြပြီး ရဟန်းဘောင်သို့ ရောက်ခဲ့ရကြောင်း ကပြသည် ။

"ဇာတ်ကောင်းလိုက်တာနော် အမေ"

"အဲဒါ ဟိုဥစ္စာလေ သားရဲ့ သားတို့ ကို ဦးဘိုးဆိုင် သင်ပေးတဲ့ အောင်ခြင်းရှစ်ပါး ဘုရားရှိခိုးမှာ ပါတာလေကွယ်"

"ဟုတ်တယ်လေ အမေ ဟုတ်တယ်"

"မြိုင်ခွင်တောရိုး၊ ခိုပုန်းလျှိုး၍

လက်ညှိုးတစ်ထောင်၊ ယူဆောင်သောငှာ

လူတကာကို၊ လာတိုင်းမလပ်

ဖမ်း၍ သတ်သည့်

မည်မှတ်ခေါ်ထ အင်္ဂုလိမာလ" ဆိုတာ မဟုတ်လား"

"ဟုတ်တယ် သားရယ် ဟုတ်တယ် သားကြီး တော်လိုက်တာ"

လှမိုးတို့ သားအမိနှစ်ယောက် ဆိုင်းသံ ပုံသံများကြားတွင် ဇာတ်အကြောင်းလေးတွေ ပြောရင်း အဆင်ပြေနေကြလေရဲ့ ။ ဇာတ်က

နဲ့လန့်ကာကြီးက တစ်ခန်းဖွင့်တိုင်း တင်လိုက် တစ်ခန်းပြီးတိုင်း ချလိုက်နဲ့ ပွဲကြည့်ပရိသတ်ကို အာရုံပြောင်းပေး၏။

"ဟိုမှာ တွေ့လား အမေ မင်းသမီးလေး ကနေပြီ"

"အဲဒါ တစ်ပင်တိုင်အက ခေါ်တာလေ သားရဲ့ အငြိမ့်ခန်းပေါ့ "

မင်းသမီး မြပုလဲသွယ်က ကလိုက် လူရွှင်တော်တွေက ရယ်စရာပြောလိုက် ပရိသတ်များ ၏ စိတ်အာရုံကို ဖမ်းစားနေ၏။ လှမိုးအာရုံထဲမှာ ထူးခြားနေတာတစ်ခုတော့ တွေ့သည် ။ သည် မင်းသမီးကိုမှ လူပျိုတွေက လူရွှင်တော်တွေကို ခေါ်ပြီး ဆုချနေကြခြင်း ဖြစ်သည် ။ အချို့ဆိုဆုချသူကို လူရွှင်တော်က ကြေညာလိုက်တာနဲ့ ကိုယ့်ရင်ဘတ်လက်ဖြင့် ပုတ်ပြီး မတ်တပ်ရပ်ပြတဲ့ လူကလည်း ရှိသေးသည် ။

ဟိုလူတစ်ယောက်က ဘာလုပ်တာပါလိမ့်။ ဇာတ်စင်ပေါ်တောင် တက်သွားပါရော့လား။ မင်းသမီး ရှေ့နားရောက်သွားပြီ။ ကြည့်နေရင်းမှာပဲ သူ့အိတ်ထဲက ပိုက်ဆံကလေး ငါးကျပ်ကို ထုတ်ပြီး သူ့ပါးစပ်နဲ့ ကိုက်လိုက်သည် ။ သည် လူ မင်းသမီးရှေ့နားဆက်တိုးသွားလိုက်၏။ မင်းသမီး မျက်နှာနဲ့ နီးနီးလေး ရောက်သည့် အချိန်တွင် မေးကလေး ဆတ်ကာဆတ်ကာ ပြလိုက်သည် ။

"အဲဒါ ရွာတောင်ပိုင်းက ကိုဖိုးထောင် မဟုတ်လား အမေ"

"ဟုတ်တယ်လေ မနှစ်က ဖွားလေးတို့ တဲမှာ တောင် လယ်လာထွန်တဲ့ ကောင်ပေါ့"

"သူဘာလုပ်နေတာလဲ အမေ"

"အဲဒါ သူ မင်းသမီးကို ဆုချနေတာလေ သူ့ပါးစပ်နဲ့ ကိုက်ပေးတာကို မင်းသမီးကိုလည်း ပါးစပ်နဲ့ ကိုက်ယူပါတဲ့ "

"ဟာ တော်တော်ခက်တဲ့ လူပဲနော်"

"အရက်မူးနေလို့ နေမှာ ပေ့ါ သားရယ်"

မင်းသမီးကတော့ ကြောက်သွားသလား၊ ရှံ့သွားသလားမသိ။ နောက်နားသို့ နည်းနည်းဆုတ်လိုက်သည် ။ လူရွှင်တော်တွေက ဖိုးထောင်ကို ဖျောင်းဖျကြသည် ။ ပြန်ဆင်းဖို့ ပြောကြသည် ။ ဖိုးထောင်က ကျေနပ်ပုံမရ။ မင်းသမီး ရှေ့နားသို့ ထပ်တိုးလာသည် ။

"ဟောဗျာ ဦးလေးဘမောင်တို့ အဖွဲ့ ဆွဲချသွားကြပြီ ကောင်းတယ်၊ တော်တော်ရှုပ်တဲ့ လူ"

"အဲဒါ ကိုဘမောင်တို့ က ပွဲခင်းလုံခြုံရေး ကော်မတီတွေလေ သားရဲ့ "

"ဟုတ်လား"

"သားရယ် အိမ်မှာ ညွှေ့သည် ရှိတယ်လေ အရမ်းညအိပ်ပျက်ခံလို့ မရဘူးတော် သားကို အဖေကြီး ပြောထားတာ ရှိတယ် မဟုတ်လား"

"သား သိတယ် အမေ အချိန်မီ ပြန်မှာ ပေ့ါ ဒါပြီးရင် ပြဇာတ်ကမှာလေ"

"အပြုံးမျက်နှာ မိစ္ဆာအသည်း" တဲ့ ကြော်ငြာထားတယ် အမေ။ ဒါလေးတော့ ကြည့်သွားလိုက်ဦးနော်

ဟော ဟော ပြဇာတ်က စ,ပြီ။ သေနတ်ပစ်သံတွေ တဒိုင်းဒိုင်း မီးခိုးတွေ တအူအူနဲ့ ဇာတ်စင်တစ်ခုလုံး မွှန်ထူနေပေပြီ။

"ပြည်တွင်းစစ်အဖြစ်အပျက် ထင်ပါတယ် ဆက်ကြည့်ဦးမှ ပဲ"

အမေ မစောမေကို သားက စည်းရုံးစရာ မလိုတော့။ အမေကြီး ပြ

ဇာတ်ကြည့်ဖြစ်သွားပြီ။ ပြဇာတ်အဆုံးမှာ တော့ ပြဇာတ်မင်းသားက ကျ ည်သင့်ပြီး ဆုံးရှာသည် ။ ပြဇာတ်မင်းသမီးက သူ့ချစ်သူ ငယ်ရည်းစား အလောင်းကို ဖက်ပြီး ငိုသည် ။ လွမ်းခန်းလေးမို့ နောက်ခံသီချင်းလေး ကို ရှိုက်သံလေးနဲ့ သီဆိုပေးထားသည် ။ ရွှေပွဲလာတို့ ရွှေရင်ဆို့လို့ မျက် ရည်ဝဲကြပေ့ါ။

"သား ပြန်ကြစို့ကွယ် မနက်လင်းလို့ အိပ်ရာမထနိုင်ရင် အဖေကြီး ဆူလိမ့်မယ်၊ ကလေးလည်း နိုးပြီ၊ အလတ်ကောင်လည်း နိုးပြီ။ ချူးပေါ က်ဖို့ တောင်းနေပြီ"

"ဟုတ်တယ် အမေ သမီးလည်း အရမ်းအိပ်ချင်နေပြီ"

"အဲလိုဆိုလည်း အမေတို့ ပြန်ကြလေ"

"သားလည်း လိုက်ခဲ့လေ ညသန်းခေါင်ကျော်နေပြီ သားရဲ့ "

"သား မလိုက်သေးဘူး အမေ မင်းသား မင်းသမီး နှစ်ပါးသွား က တာ ကြည့်ဦးမယ်"

"ပြီးရော ပြီးရော အဲဒါပြီးရင် လာခဲ့တော့နော်"

"အေးပါ အမေရဲ့ "

မစောမေ နို့စို့ကလေးကို ရင်ခွင်ပိုက် လိုက်သည် ။ သမီးလေး မလှ သိန်းက နို့ညှာကောင်ကို လက်ဆွဲကာ ပွဲခင်းထဲက ထွက်ခဲ့ကြလေပြီ။

မင်းသား တစ်လက်မှာ မင်းသမီး တစ်ဘက် လေးယောက်ဆိုတော့ အကုန်လုံး မင်းသမီး ရှစ်ယောက် ဖြစ်သည် ။ ကနေလိုက်ကြတာ မြိုင် နေသည် ။ သို့ကြောင့် နှစ်ပါးခွင်အလှ မြိုင်ထလို့ ခေါ်ကြသည် ထင်ပ့ါ။ လှမိုး ကြည့်လို့ မဝ။ မင်းသား မင်းသမီးတွေက က,တတ်လိုက်ကြတာ။

မင်းသားက မင်းသမီးတွေကို တစ်ယောက်တစ်ချီစီ ဆွဲယူပြီး တွဲကူလို့ ကသည် ။ မင်းသမီးတွေမှာ အချင်းချင်း အလှည့်ပေးနေရလို့ သဝန်မတိုတဲ့ အပြင် "မယားများ တဲ့ လင်"ဆိုပြီး သမုဒယသံလေးနဲ့ မူလိုက်သေးသည် ။ ဟော လာပြန်ပြီ တစ်မျိုး၊ မင်းသားက မင်းသမီး ရှစ်ယောက်စလုံးကို တွဲခေါ်ပြီး ကိုးပွင့်တစ်ခိုင် အကတဲ့ လုပ်လိုက်သေးသည် ။

"အောက် အီး အီး အွတ်"

နှစ်ပါးခွင်အလှ မြိုင်ထ ကပြီးလို့ အဝင်မှာ ပဲ လင်းကြက်က ဆော်ခဲ့လေပြီ။

ပြည်တည်တာတွေ နန်းစိုက်တာတွေ အသာထား ပစ္စယ ဆင်ဖြူတော်ကို လှူတယ်ဆိုကတည်းက ဝေဿန္တရာဇာတ်နဲ့ နောက်ပိုင်း စီးတော့မယ်ဆိုတာ လှမိုးသိပြီးသား။ အိမ်နားက ဘုန်းကြီးလူထွက် ဦးဘိုးဆိုင် ပြောပြထား၍ ဇာလီနှင့် ကဏှာဇိန် မောင်နှမကို အရမ်းချစ်ပြီး ဇူဇကာပုဏ္ဏားကြီးဆိုတာ မကြားချင်အောင် မုန်းနေခဲ့သည် ။ ဟော ဆင်ဖြူတော်ကို လှူလိုက်ပေပြီ။ ပြည့်မျက်ရှင်ကို လှူသည် ဟု ဆိုပြီး ဝေဿန္တရာမင်းကြီးကို တိုင်းပြည်မှ နှင်ထုတ်ပြီ။ မဒ္ဒီဒေဝီမိဖုရားနှင့် သားတော် ဇာလီ သမီးတော် ကဏှာဇိန်တို့ တောထဲသို့ လိုက်ပါသွားကြသည် ။ ဝင်္ကဘာတောင်တွင် ကျောင်းသင်္ခမ်းလေးဖြင့် နေကြ၏။

တစ်နေ့တွင် မဒ္ဒီဒေဝီ သစ်သီးခူးပြီး ပြန်အလာ ကျားကြီး၊ ခြင်္သေ့ကြီးတွေက ရှေ့ကနေ ဆီးတားထားကြသည် ။ ထိုအချိန်တွင် ဇူဇကာ ပုဏ္ဏားကြီးက ကျောင်းသင်္ခမ်းသို့ ဝင်ပြီး ဝေဿန္တရာမင်းကြီးဆီမှာ ကဏှာဇိန်နှင့် ဇာလီမောင်နှမကို အလှူခံသည် ။ ပုဏ္ဏားကြီးက ကလေး နှစ်ယောက်ကို ရိုက်နှက်ပြီး ယူဆောင်သည် ။ တောလမ်းခရီးတွင် ညအိပ်လျှင် ပုဏ္ဏားကြီးက သားရဲတိရိစ္ဆာန်ရန်ကို ကြောက်ပြီး သစ်ပင်ပေါ် တက်အိပ်

သည် ။ ကလေးနှစ်ယောက်ကိုတော့ သစ်ပင်ခြေရင်းမှာ ကြိုးတုတ်ပြီး ချည်ထား၏။ မည်သို့မျှ လွတ်လမ်းမရှိပြီ။ မင်းသားငယ်နဲ့ မင်းသမီးငယ်မှာ ကြီးစွာသော ဒုက္ခကို ခံစားကြရ၏။

လှမိုးမှာ ဇာလီနှင့် ကဏှာဇိန် မောင်နှမတို့ ၏ အဖြစ်ကိုကြည့်ပြီး မျက်ဝန်းအိမ်လေးမှာ မျက်ရည်များ ပြည့်အိုင်လာ၏။ လှမိုးရင်ထဲမှာ သနားစိတ်နဲ့ ကိုယ်ချင်းစာစိတ်က နေရာယူလာကြသည် ။ လှမိုး ပတ်ဝန်းကျင်တစ်ဝိုက်ကို လက်နဲ့ စမ်းကြည့်လိုက်သည် ။ ပြောင်းဖူးရိုးကြီးတစ်ရိုးက လက်ထဲပါလာသည် ။ ရက်စက်ကြမ်းကြုတ်သည့် ပုဏ္ဏားကြီးကို ပစ်ပေါက်ဖို့ ကျိတ်ကြံလိုက်သည် ။

"မဖြစ်ပါဘူး မဖြစ်ပါဘူး၊ ကိုဖိုးထောင်လို ပွဲခင်းလုံခြုံရေးတွေ လာဆွဲရင်ဖြင့် အရှက်ရရချည်ရဲ့ "

လှမိုးမှာ မကျေနပ်သည့် ခံစားချက်ကို အသာခေါက်ထားပြီး ပြောင်းဖူးရိုးကို လွှတ်ချလိုက်သည် ။

ဟော အယုတ်တမာ ပုဏ္ဏားကြီး ကလေးနှစ်ယောက်ကို ကြိုးချည်ပြီး ဇာတ်စင်ပေါ် အပြောင်းပြောင်း အပြန်ပြန် သုံးခေါက်လောက် လျှောက်လိုက်ရုံနဲ့ သိဝိတိုင်း စေတုတ္တရာပြည်ကြီးကို ရောက်သွားပါလေရော့။ အဲဒီမှာ ကလိင်္ဂတိုင်းမှာ မိုးတွေရွာလို့ ပစ္စယဆင်ဖြူကြီးကို စေတုတ္တရာပြည်ကြီးသို့ ပြန်ပို့လာသည် ။ သိဥ္စည်းမင်းကြီးကလည်း ပုဏ္ဏားကြီးဆီက မြေးတော်လေးတွေကို ရွှေငွေရတနာတွေ မြောက်မြားစွာပေးပြီး ရွေးလိုက်သည် ။ ပုဏ္ဏားကြီးကိုလည်း အစားကောင်း အသောက်ကောင်းဖြင့် ဧည့်ခံကျွေးမွေး၏။ ဇူဇကာ ပုဏ္ဏားကြီးလည်း မစားဖူးသည့် အစားအစာတွေ လောဘတကြီး စားပစ်လိုက်လို့ တစ်ခါတည်း စားပိုးနင်ပြီး အနိစ္စသဘောနဲ့ ကိစ္စချောပါလေရောလား။ ပုဏ္ဏားသေတာကို မြင်ရတော့ "မ

ကောင်းတဲ့ သူ သေတာ ကောင်းတယ်" လို့ သဘောရလိုက်ပုံ ပေါ်သည် ။ လှမိုး တစ်ချက် ပြုံးလိုက်သည် ။

တိုင်းသူပြည်သားတွေလည်း မကျေနပ်မှုတွေကို သင်ပုန်းချေလို့ ဝေသန္တရာမင်းနဲ့ မဒ္ဒီဒေဝီတို့ လည်း နေပြည်တော်ကြီးသို့ ပြန်ရောက်ကြပြီလေ။ လှမိုး ဝေဿန္တရာမင်းတို့ မိသားစုဘဝ ပြန်ပေါင်းထုပ်ခန်းကို ကြည့်ပြီး ပြုံးပြုံးကြီး ရယ်ပစ်လိုက်သည် ။ ကန့်လန့်ကာကြီး တဖြည်းဖြည်း နိမ့်ကျလာတာ ပြည်ဖုံးကားကြီး ချလိုက်ပေပြီတကား။

လှမိုး ခေါင်းမော့ပြီး အရှေ့ဘက်ဆီသို့ တစ်ချက်လှမ်းကြည့်လိုက်သည် ။

"ဟိုက်"

"နေတောင်ထွက်နေပါပေါ့လား"

ပွဲခင်းတစ်ဝိုက်မှာ တော့ အဘိုးကြီး အဘွားကြီး နည်းနည်းပါးပါး သာ ကျိုးတိုးကျဲတဲ့ ။

***

"သားလေးရေ လာပါဦးဟ"

တစ်ညလုံး တစ်ရေးမှ မအိပ်ခဲ့ရဘဲ အိပ်ပျက်လွန်းလို့ မူးတူးတူး မိုင်တိုင်တိုင်နဲ့ မဝံ့မရဲဝင်လာသော သား လှမိုးကို အဖေကြီး ကိုထွန်းစိန် လှမ်းခေါ်လိုက်သည် ။ လှမိုး အသာအယာလှမ်း လာပြီး အဖေ့ရှေ့မှာ ရပ်လိုက်သည် ။

"သားမှာ အဖြစ်ရှိလား"

"ရှိပါတယ်"

"ဘာ အပြစ်လဲ"

"အဖေ ပြောထားသလို သား ကြက်မဖမ်းမိလို့ ပါ"

လှမိုးမှာ တရားသူကြီးရှေ့မှောက် ရောက်နေသည့် တရားခံ တစ်ယောက်လို အပြစ်ကို ကျခံဖို့ ရာ အသင့်ဖြစ်နေပေသည် ။

"သားအပြစ်ကို အဖေက အပြစ်လို့ မသတ်မှတ်ပါဘူး။ လူငယ်ပဲလေ ရွာမှာ တစ်နှစ်မှ တစ်ခါ ကြည့်ရတဲ့ ဇာတ်ပွဲကို ကြည့်ချင်တာပေ့ါ ကြည့်ပေ့ါ ဘာဖြစ်လဲ ဇာတ်ကြည့်တာကိုများ "

အဖေ့ စကားကြောင့် လှမိုး အံ့သြခြင်းကြီးစွာနဲ့ အဖေ့ကို တစ်ချက်မော့ကြည့်လိုက်သည် ။ လှမိုး ရင်ဘတ်ကြီး ပေ့ါပါးသွားသလိုမျိုးဖြစ်သွားသည် ကတော့ အမှန်ပင်။

"အေး ဒါပေမဲ့ သားအလုပ်က လိုအပ်တာထက် ပိုတယ်လေ"

"သား ကြည့်ချင်ရင် သန်းခေါင်ယံလောက်ထိ ကြည့်လို့ ရတာပေ့ါ"

"ခုက မဟုတ်ဘူး ၊ ပတ်စာခွာမှ ဖျာသိမ်းပြီး အိမ်ပြန်လာတယ်ဆိုတော့ လွန်တာပေ့ါကွာ"

"ခု သား ဘယ်လောက် ပင်ပန်း လာပြီလဲ သား အသက်အရွယ်နဲ့ ဒီလို ညလုံးပေါက် အိပ်ပျက်ခံလို့ မရဘူးလေ"

"သားကြိုက်တဲ့ ဇာတ်ကွက် ဇာတ်လမ်းတွေ ကပြလို့ ပါ အဖေ"

"ဟုတ်တယ် အနုပညာကို သားဝါသနာပါတာ အဖေသိတယ်၊ ဒီလို အလွန်အကျွံကြီးဖြစ်သွားတော့ မိဘပြောတာတွေလည်း မလုပ်ပေးနိုင်

တော့ဘူး မဟုတ်လား။ ဘယ်မှာ လဲ ဧည့်သည် ထမင်းကျွေးဖို့ ကြက် "

လှမိုး ဘာမျှ အဖြေမပေးနိုင်ရှာ။ အဖေ့ကို အိပ်ပျက်မျက်ဝန်းညိုညို လေးနဲ့ မော့ကြည့်နေရှာ၏။

"သွား ရေမိုးချိုး၊ ပြီးရင် အဖေကြီး ကြော်ထားတဲ့ ထမင်းကြော် ရှိတယ် စားပြီး အိပ်လိုက်တော့ သား အရမ်းပင်ပန်းနေပြီ"

"ကြက်လည်း မပူနဲ့ အဖေကြီး လုပ်ထားပြီ"

လှမိုးမှာ အဖေကြီးကို တစ်ချက်လှမ်းကြည့်ပြီး ရေစဥ့်အိုးနားသို့ လှမ်းသွားနေလေပြီ။

လှမိုးလေး၏ အဖြစ်မှာ အနုပညာ ပန်းပွင့်ပေါ် နားခိုလျက် သဘာဝအလျောက် ဝတ်မှုန်ကူးနေသော ပန်းလိပ်ပြာလေးနှင့် လည်း တူလှပေသည် တကား။

***